# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့၊ (20-3-2012) (၇၀၇၀)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် နိုင်ငံသူနိုင်ငံသားများ၏ သက်ရှည်ကျန်းမာမှုသည် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင် နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရန် ကျန်းမာရေးအသိပညာရှိရန် လိုအပ်၊ သို့မှသာ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်

## ပြည်သူတိုင်း ကျန်းမာရေးအသိပညာရရှိအောင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အထူးကုဆရာဝန်ကြီးများ ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းဆေးဝါးကုသဆောင်ရွက်ပေးခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်တည်ဆောက်ပေးခြင်းဖြစ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပျဉ်းမနားမြို့ ခုတင် (၂၀၀)ဆေးရုံ၌ မျက်စိအတွင်းတိမ်ခွဲစိတ်ပြီး ဝန်ထမ်းနှင့် မိသားစုဝင်များအား နေကာမျက်မှန်များ ကိုယ်တိုင်တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ခုတင်(၂၀၀)ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေသည့် မျက်စိအတွင်းတိမ်ခွဲစိတ်ပြီး ဝန်ထမ်းနှင့် မိသားစုဝင်များအား ကြည့်ရှုစစ်ဆေးကာ နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ အခမဲ့ ကွင်းဆင်းဆေးဝါးကုသပေးခဲ့သည့် အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၈ နာရီ ၂၅ မိနစ်တွင် ပျဉ်းမနားမြို့ ခုတင်(၂၀၀) ဆေးရုံသို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှလှကြည်နှင့် အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပျဉ်းမနားမြို့ ခုတင်(၂၀၀) ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေသည့် မျက်စိအတွင်းတိမ်ခွဲစိတ်ပြီးဝန်ထမ်းများနှင့် မိသားစုဝင်များအား ကြည့်ရှုစစ်ဆေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မျက်စိအတွင်းတိမ်ခွဲစိတ်ပြီး ဝန်ထမ်းနှင့်မိသားစုဝင်များအား နေကာမျက်မှန်များ ကိုယ်တိုင်တပ်ဆင်ပေးပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက မျက်စိအတွင်းတိမ်ခွဲစိတ်ပြီး ဝေဒနာရှင်များအား **စာမျက်နှာ ၃ ကော်လံ ၁ သို့**

### ယနေ့ သတင်း အညွှန်း


ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ကျင်းပ — ပြည်တွင်းသတင်း စာမျက်နှာ ၂

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပ — ပြည်တွင်းသတင်း စာမျက်နှာ ၈

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပ — ပြည်တွင်းသတင်း စာမျက်နှာ ၉


နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပျဉ်းမနားမြို့ ခုတင်(၂၀၀) ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေသည့် မျက်စိအတွင်းတိမ် ခွဲစိတ်ပြီးဝန်ထမ်းများနှင့် မိသားစုဝင်များအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)



ကြေးမုံစာတည်းရှုထောင့် ၂၀-၃-၂၀၁၂[အင်္ဂါနေ့]။

# နေတတ်ရင် ကျေနပ်စရာ

လူတိုင်းလူတိုင်း စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း မဖြစ်လိုကြပေ။ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းကိုသာ အလိုရှိမည်ဖြစ်သည်။ သို့သော်လည်း ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းတို့နှင့် ကြုံတွေ့ဖူးကြရပေမည်။ ဤသို့ဖြစ်ရခြင်းမှာ အလိုဆန္ဒမပြည့်ခြင်းကြောင့်သာ ဖြစ်ပေမည်။ အလိုဆန္ဒဟူသည် ဘယ်သော အခါမျှ ပြည့်ရိုးထုံးစံမရှိချေ။ ပြည့်ရိုးထုံးစံမရှိသောအလိုကို ပြည့်အောင်ဖြည့်နေကြသော ကျွန်ုပ်တို့သည် မည်သို့သောအခါမှ ချမ်းသာသုခ ရနိုင်ကြမည် မဟုတ်ပေ။

အလိုဆန္ဒသည် ဖြည့်၍ပြည့်မည်မဟုတ်၊ ဖြတ်မှပြတ်မည်၊ ထိန်းမှ ငြိမ်းမည်သာဖြစ်သည်။ မပြည့်နိုင်သောအလိုဆန္ဒကို ဖြည့်နေခြင်းဖြင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်နေကြရမည့်အစား ရောင့်ရဲတင်းတိမ်ခြင်းဖြင့် ထိန်းသိမ်းမှ သာလွန်အေးချမ်းမှု ရရှိပေမည်။ နေတတ်အောင်ပြုမှ ကျေနပ် ခံစားနိုင်မည်ဖြစ်သည်။

ရောင့်ရဲခြင်းဆိုသည်မှာ လောကသိုက်မြုံ၊ ကာမဂုဏ်၌၊ အာရုံမကြီး၊ တရားမှီး၍၊ သိမ်းဆည်းခြိုးခြံ၊ ကံပေးသမျှ၊ ရတတ်သရွေ့၊ သူတော်လေ့ဖြင့်၊ ချမ်းမြေ့စံပယ်၊ ရောင့်ရဲလွယ်ရခြင်း ဟူ၍ လယ်တီဆရာတော်ကြီး ဖွင့်ဆိုသည့် အတိုင်း မိမိဆောင်ရွက်ခဲ့သောအလုပ်မှ တရားသဖြင့်ရရှိလာသော အကျိုး စီးပွားဖြင့် ကျေနပ်နှစ်သိမ့်နိုင်ခြင်းကို ဆိုပေသည်။ ရောင့်ရဲတတ်ရမည်ဆို၍ အလုပ်ကိုလျှော့၍ လုပ်ကိုင်ရမည်မဟုတ်ဘဲ ဥစ္စာပစ္စည်းကိုသာ ရောင့်ရဲရမည် ဖြစ်သည်။ အလုပ်လုပ်ရာတွင် ရောင့်ရဲရမည်မဟုတ်ဘဲ ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ရမည်သာ ဖြစ်သည်။

မိမိ အပင်တစ်ပင်စိုက်သည့်အခါ ယင်းအပင်မှ အသီးနည်းနည်းပဲ သီးလျှင် ကျေနပ်ရမည်ဖြစ်ပြီး မကျေမနပ်ဖြစ်နေရုံမျှဖြင့် အသီးများ တိုးပွားလာမည် မဟုတ်။ မကျေနပ်မှု၊ မရောင့်ရဲမှုကြောင့် မိမိသာလျှင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ရပေမည်။ ထို့ကြောင့် သီးလာသမျှနှင့်ရောင့်ရဲ၍ ဆက်လက်ကြိုးစားရမည် ဖြစ်သည်။ ဤသို့ နေတတ်လျှင်လည်း ကျေနပ်စရာပင်ဖြစ်သည်။ သီးလာသမျှနှင့် ရောင့်ရဲသင့်သည်ဆိုသဖြင့် အပင်ကို နောက်ထပ်ရေမလောင်းရ၊ မြေတောင် မမြှောက်ရဟု မဆိုလိုပေ။ ရေလောင်းခြင်း၊ မြေတောင်မြှောက်ပေးခြင်းအလုပ် တို့ကို ဆက်လက်လုပ်ဆောင်ရပေမည်။

ကျွန်ုပ်တို့သည် မိမိစားဝတ်နေရေးအတွက် အမြဲတစေရှာဖွေလျက်သာ နေကြရသည်။ မရှာဖွေ၍ မဖြစ်ချေ။ ယင်းသို့လုပ်ကိုင်ဆောင်ရွက်ရာတွင် ရိုးရိုး သားသား ကြိုးကြိုးစားစားလုပ်ကိုင်ရမည်။ ထိုက်သင့်သောအကျိုးအမြတ်ကိုသာ ရယူပြီး ထိုက်တန်သမျှနှင့်သာ ရောင့်ရဲတင်းတိမ်မှုရှိရမည်။ မတော်လောဘ မလိုချင်ရပေ။ တစ်ဖက်သားအခက်အခဲကို အခွင့်ကောင်းယူ၍ အမြတ်ကြီး၊ အတိုးကြီး မယူသင့်ပေ။ ရောင်းချသောကုန်ပစ္စည်းများသည် မည်မျှပင် ရှားနေသော်လည်း ရောင်းနေကျဖြစ်သော အကျိုးအမြတ်ဖြင့်သာ ရောင့်ရဲ တင်းတိမ်နိုင်ရပေမည်။

ဤတွင် ရွှဲကုန်သည် ဇာတ်တော်သည် အတုယူဖွယ်၊ မှတ်သားဖွယ် ကောင်းလှပေသည်။ အလိုဆန္ဒလောဘကြီးသော ရွှဲကုန်သည်သည် အသပြာ တစ်သိန်းတန်သော ရွှေခွက်မှန်းသိပါလျက် ဟန်လုပ်၍ ပစ်ချကာ နောက်တစ်ပတ်ပြန်လှည့်ပြီး အလကားယူမည်ဟူသော စိတ်ကူးဖြင့် ထွက်သွားသည်။ နောက်ရွှဲကုန်သည်တစ်ဦးက ထိုရွှေခွက်နှင့်ညီမျှသော ကုန် ပစ္စည်းမပါသော်လည်း ရှိသမျှ အသပြာတစ်ထောင်ဖိုးနှင့်ပင် ရရှိသွားသည်။ ထို့ကြောင့် အခွင့်အရေးကို ရသ၍ မယူရ။ ထိုက်တန်သလောက်နှင့်သာ ရောင့်ရဲတင်းတိမ်ရပေမည်။

ရှာဖွေရာ၌ ရသမျှနှင့် ရောင့်ရဲတင်းတိမ်မှု ရှိရမည်ဖြစ်သကဲ့သို့ အသုံးပြု ရာတွင်လည်းကောင်း၊ စားသောက်ရာတွင်လည်းကောင်း ရှိတာလေးနှင့် လှအောင်ဝတ်၊ ရတာလေးနှင့် ဝအောင်စားဆိုသကဲ့သို့ ရောင့်ရဲတင်းတိမ်ရပေ မည်။ မြတ်စွာဘုရားရှင်က သန္တုဋ္ဌိမင်္ဂလာ ရောင့်ရဲတင်းတိမ်ခြင်းသည် မင်္ဂလာရှိသည်ဟု ဟောကြားတော်မူခဲ့သည်။ ကျွန်ုပ်တို့စားဝတ်နေရေးအတွက် ပြုမူနေထိုင်ဆောင်ရွက်ရာတွင် ရောင့်ရဲတင်းတိမ်နိုင်မှသာလျှင် သုခချမ်းသာ ခံစားရပေမည်ဖြစ်သည်။ သို့ဖြစ်၍ အရာခပ်သိမ်းရောင့်ရဲတင်းတိမ်စွာ နေထိုင် ခြင်းဖြင့် နေတတ်ရင် ကျေနပ်စရာ ပြုမူရမည်ဟု ရှုမြင်ပါသည်။ ။

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၂) ရက်မြောက်နေ့ ကျင်းပ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းအား အတည်ပြုကြောင်း ဆုံးဖြတ်

နေပြည်တော် မတ် ၁၉

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၁၆)ဦးတို့ တက်ရောက်ကြပြီး ဥပဒေကြမ်း(၃)ခု အတည်ပြုခြင်းကို ဆောင်ရွက်ကြသည်။**

**ဥပဒေကြမ်း အတည်ပြုခြင်းကဏ္ဍ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထား ကွဲလွဲသည့်အချက်များအပေါ် အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ပြည်ထောင်စုလွှတ်တော်၏ အတည် ပြုချက်ရယူသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုပေးနိုင်ရန် ပြည်ထောင်စု လွှတ်တော်သို့ အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ချောင်းဦး မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက ထောက်ခံဆွေးနွေး သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်း**တစ်ရပ်လုံးအား ပြင်ဆင် ထားသည့်အတိုင်း အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံး အဖြတ်ကိုရယူပြီး အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့ သဘောထားကွဲလွဲသည့် အချက်များနှင့် ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ရန်အချက် များနှင့် စပ်လျဉ်း၍ အမရပူရမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်း ထွန်းဦးနှင့် အင်ဂျန်းယန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူတို့က အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၏ သဘောထားကိုရယူကာ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြု ပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ချောင်းဦး မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက ထောက်ခံဆွေးနွေး သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း** တစ်ရပ်လုံးအား အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံး အဖြတ်ကို ရယူပြီး အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**၂၀၁၁ ခုနှစ် လယ်ယာမြေ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသည့်အချက်များနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ရန်အချက်များနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ



ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ **အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။**(သတင်းစဉ်)

အေးမောင်၊ အင်ဂျန်းယန် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူနှင့် မြောင် မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးအုန်းငွေတို့က အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးကြပြီး ဥပဒေကြမ်းတင်သွင်းခဲ့သည့် ဟသ်ာတ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးဌေးဦးနှင့် လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးအုန်းသန်းတို့၏ သဘောထားကို ရယူကာ လွှတ်တော်၏ အတည်ပြုချက် ရယူသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဟသ်ာတ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦးက ဥပဒေကြမ်း တစ်ရပ်လုံးအား အတည်ပြုပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ အဆို တင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးတင့်ဆန်းက ထောက်ခံ ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကိုရယူပြီး အတည် ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ရပ်နားပြီး အစည်း အဝေး(၂၃)ရက်မြောက်နေ့ကို မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည် ဖြစ်သည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၉ - ၃ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၂၅၀ | ၀. ၀၃၂၅၅ |
| တရုတ် (ယွမ်) | ၆. ၃၂၂၃၀ | ၀. ၁၅၈၁၇ |
| အိန္ဒိယ (ရူပီး) | ၅၀. ၂၃၄၅ | ၀. ၀၁၉၉၁ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၅၇၀၁ | ၀. ၃၂၇၁၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၈၆၃ | ၀. ၇၉၄၅၁ |
| ဂျပန် (ယန်း) | ၈၃. ၄၀၄၂ | ၀. ၀၁၁၉၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၃. ၁၀ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၆၀၂၈ | ၁. ၃၁၅၃၁ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၉၉၁ | ၁. ၅၈၇၅၂ |

***အင်တာနက်။***

## မိုးပွင့်အဆင့်(၂)စီမံချက်အတွက် ငွေများလှူဒါန်း

**ရန်ကုန် မတ် ၁၉**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး လုပ်ငန်းတွင် ပြည်သူများ၏ သီးခြားကုန်ကျသည့် သွေးစစ်ခ၊ ဓာတ်ပုံရိုက်ကူးခနှင့် နိုင်ငံတော်သို့ ပေးသွင်းရမည့် နိုင်ငံသားစိစစ်ရေးကတ်ပြား သတ်မှတ်ခငွေတို့ကို ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် ကူညီထောက်ပံ့ပေးနိုင်ရန် Five Great Service Co.,Ltd. မှ ငွေကျပ် ငါးသိန်း၊ City Golf Resort & Natural Link မှ ငွေကျပ် သုံးသိန်း၊ Oriental House မှ ငွေကျပ် သုံးသိန်း၊ IQ Vision မှ ငွေကျပ် သုံးသိန်း၊ Asia Winner Industrial Co.,Ltd. မှ ငွေကျပ် နှစ်သိန်း၊ Angle Tour Co.,Ltd. မှ ငွေကျပ် နှစ်သိန်း စုစုပေါင်းငွေကျပ် ၁၈ သိန်းကို မတ် ၁၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် လှိုင်ရွာမ ကျောင်းလမ်းထောင့်ရှိ Five Great Service Co.,Ltd. ၏ ကား Show Room ဖွင့်ပွဲအခမ်းအနားတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဇော်နိုင်ဦး)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၃-၂၀၁၂ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၇း၀၅ | တရားတော် | -နိုင်ငံရေးပါတီများ |
| ၈း၁၅ | ဇာတ်လမ်းတို | ဟောပြောချက် |
| ၄း၃၀ | အလွမ်းတေးပန်းချီ ချစ်သူဆီ | -ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ၅း၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး | -အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ(NDF) |
| ၅း၃၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင်(အပိုင်း-၉၀)** | -(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၆း၂၅ | Guide for You | -ဟာသရုပ်စုံ |
| ၆း၃၀ | အောင်မြင်ခြင်းလမ်းမ | -(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သူ့ရဲကောင်းလေး ကျွန်မချစ်သူ(အပိုင်း-၄)** | -သားကောင်းမိခင် (ဒုတိယပိုင်း) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | -Mini Series |

❒ ရှေ့ဖုံးမှ

နေကာမျက်မှန်နှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)သို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဆေးရုံကြီး အစည်းအဝေးခန်းမ၌ မျက်စိအတွင်းတိမ်ခွဲစိတ်ထားသည့် ဝန်ထမ်းနှင့် မိသားစုဝင်များအား နေကာမျက်မှန် တပ်ဆင်ပေးပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၁၀၀၀)အစည်းအဝေး ခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ အခမဲ့ ကွင်းဆင်းဆေးဝါးကုသပေးခဲ့ သည့် အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား ရာတွင် နေပြည်တော်ကောင်စီအနေဖြင့် ကျန်းမာရေးဝန်ကြီး ဌာနနှင့် ပူးပေါင်းပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များအလိုက် အခမဲ့ဆေးဝါးကုသပေးခဲ့ရာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဇမ္ဗူသီရိမြို့နယ်၌ ၁၀၅၄ ဦး၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ဥတ္တရသီရိမြို့နယ်၌ ၁၀၂၉ ဦး၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဒက္ခိဏသီရိမြို့နယ်၌ ၁၀၁၇ ဦး၊ မတ် ၉ ရက်တွင် ပုဗ္ဗသီရိမြို့နယ်၌ ၁၂၅၂ ဦး စုစုပေါင်း ၄၃၅၂ ဦး တို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် ဆေးရုံတက်ရောက် ကုသနိုင်ရန် ၂၇၄ ဦးအား စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ပျဉ်းမနားမြို့ ခုတင်(၂၀၀)ဆေးရုံ၌ မျက်စိခွဲစိတ်ကုသပေး ရန်လိုအပ်သည့် မျက်စိဝေဒနာရှင် ၃၈ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသည့် မျက်စိဝေဒနာရှင် ၅၂ ဦးအားလည်း ဆက်လက်ခွဲစိတ် ကုသပေးမည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ဖေဖော်ဝါရီ ၂၂ ရက်တွင် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပညာသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ ဝန်ကြီးဌာန ၃၄ ဌာနမှ အခန်းပေါင်း ၆၂၃၂ ခန်းတွင် နေထိုင် ကြသည့် ဝန်ထမ်းမိသားစုဝင်များအား ဇမ္ဗူသီရိမြို့နယ် ခုတင်(၅၀)ဆေးရုံတွင် လည်းကောင်း၊ ဓနသိဒ္ဓိရပ်ကွက်၊ ဗလ သိဒ္ဓိရပ်ကွက်၊ ဉာဏသိဒ္ဓိရပ်ကွက်ရှိ ဝန်ကြီးဌာန ၂၉ ဌာနမှ အခန်းပေါင်း ၇၉၃၃ ခန်းတွင် နေထိုင်ကြသည့် ဝန်ထမ်းမိသားစု များအား ဗလသိဒ္ဓိရပ်ကွက်ရှိ မူလတန်းကြိုကျောင်းတွင် လည်း ကောင်း၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဝန်ကြီး ဌာန ၃၅ ဌာနမှ အခန်းပေါင်း ၃၆၅၈ ခန်းတွင် နေထိုင်ကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ အမက(၃)မူလတန်းကြိုကျောင်းတွင် လည်းကောင်း ဆေးကုသ နိုင်ရေးစီမံဆောင်ရွက်ခဲ့ကြောင်း။

ဝန်ထမ်းမိသားစုများ ကျန်းမာရေးစောင့်ရှောက်နိုင်ရန် အတွက် ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် သတ်မှတ် နေရာအသီးသီး၌ အဖွဲ့သုံးဖွဲ့ ခွဲ၍ နေရာသုံးနေရာတွင် ဆေးဝါး ကုသနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ တိုင်းရင်းဆေးဖြင့် ဆေးဝါးကုသနိုင်ရေးအတွက်လည်း နေရာသုံးနေရာတွင် တိုင်းရင်းဆေးအဖွဲ့များထားရှိ၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ပါကြောင်း၊ တိုင်းရင်းဆေးဖြင့် ဆေးဝါးကုသသူ ၆၁၅ ဦး၊ အနောက်တိုင်းဆေးဖြင့် ဆေးဝါးကုသသူ ၈၁၇၈ ဦး စုစုပေါင်း ၈၇၉၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါ ကြောင်း။

ဆေးရုံသို့ လွှဲပြောင်းကုသပေးရန် လိုအပ်သည့် လူနာ ၃၅၈ ဦးကိုလည်း သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်းပေးပို့၍ ဆေးကုသမှုခံယူနိုင်ရန် ဆက်လက်ဆောင်ရွက်ပေးခဲ့ပါကြောင်း ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံ ဆေးရုံ အုပ်ကြီး ဒေါက်တာ ဒေါ်လှလှကြည်က နေပြည်တော်ကောင်စီ နယ်မြေအတွင်း၌ နေပြည်တော်ကောင်စီနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ အခမဲ့ဆေးဝါးကုသပေးခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကွင်းဆင်း ဆေးကုသမှုလုပ်ငန်းများအတွက် နိုင်ငံတော်သမ္မတရုံးမှ လှူဒါန်း သည့် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ဝန်ထမ်းများ ဆေးကုသမှုအတွက် နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ငွေကျပ်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကွင်းဆင်းဆေးကုသမှု လုပ်ငန်းများအတွက် ပြည်ထောင်စုဝန်ကြီး ၃၂ ဦးက စုပေါင်းလှူဒါန်းသည့် အလှူငွေများကို ပြည်ထောင်စုဝန်ကြီး များကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တို့က ပေးအပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

၁၅ သိန်းကိုလည်းကောင်း နေပြည်တော်ကောင်စီဝင် ဒေါက်တာ ပိုင်စိုးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဒေါက်တာ သန်းအောင်က နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဋ္ဌေးက နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၂၄၀ ကိုလည်းကောင်း နေပြည်တော်ကောင်စီဝင် ဒေါက်တာ ပိုင်စိုးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ၃၂ ဦးက တစ်ဦးလျှင် ငွေကျပ် ခြောက်သိန်းစီ စုပေါင်း၍ ငွေကျပ် ၁၉၂ သိန်းကို ပြည်ထောင်စုဝန်ကြီးများကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့က နိုင်ငံတော် သမ္မတထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကွင်းဆင်း ဆေးဝါးကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးကိုယ်စား အမှတ်(၂)တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံတပ်မှူး ဒုတိယဗိုလ်မှူးကြီး သန်းထွဋ်၊ နေပြည်တော်အထွေထွေရောဂါကု ဆေးရုံကြီး ခုတင်(၁၀၀၀)ကိုယ်စား ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူနှင့် ပျဉ်းမနားမြို့ ခုတင်(၂၀၀)ဆေးရုံကိုယ်စား ဆေးရုံ အုပ်ကြီး ဒေါက်တာ ဒေါ်လှလှကြည်တို့က လက်ခံရယူသည်။

ယင်းနောက် မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သည့် ဝန်ထမ်းများ ကိုယ်စား ပြည်ထောင်စုလွှတ်တော်ရုံးမှ ဦးစီးအရာရှိ ဦးကြည် မောင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုပွဲ အခမ်းအနား၌ အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆေးရုံသုံးရုံမှ စေတနာထက်သန်စွာဖြင့် ပါဝင်ကူညီ ကွင်းဆင်းဆေးဝါးကုသ ဆောင်ရွက်ပေးခဲ့ကြသော အထူးကု ဆရာဝန်ကြီးများအား ကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် နိုင်ငံသူ နိုင်ငံသားများ၏ သက်ရှည်ကျန်းမာမှုသည် ကဏ္ဍ တစ်ရပ်အဖြစ် ပါဝင်သောကြောင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးသည် အရေးကြီးကြောင်း၊ နိုင်ငံသူ နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရန် ကျန်းမာရေးအသိပညာရှိရန် လိုအပ်ကြောင်း၊ သို့မှသာ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်ကြောင်း။

ပြည်သူတိုင်း ကျန်းမာရေးအသိပညာရရှိအောင် ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများကို အထူးကုဆရာဝန်ကြီးများ ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းဆေးဝါးကုသဆောင်ရွက်ပေး ခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်တည်ဆောက်ပေးခြင်းဖြစ်ကြောင်းနှင့် ကျန်းမာရေးနှင့်အညီ နေထိုင်ပြုမူဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ သည် အထူးကုဆရာဝန်ကြီးများ၊ မျက်စိအတွင်းတိမ်ခွဲစိတ်မှု ခံယူပြီးသော ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၁၀၀၀)၌ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက် စဉ်။** (သတင်းစဉ်)

## အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဋ္ဌေးနှင့် ဦးမြင့်အောင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) (၄)မှုနှင့် တရားမအထူးအယူခံမှု(၁၂)မှုတို့ကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် တရားမအထူးအယူခံမှု(၈)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## AFC Cup ပွဲစဉ်အတွက် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၉**

မတ် ၂၁ ရက်တွင် ဧရာဝတီ ယူနိုက်တက်နှင့် မလေးရှားကလပ် Kelantan FC တို့ ယှဉ်ပြိုင်ကြမည့် AFC Cup ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲ ကို မတ် ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် Summit Park View Hotel ၌ ကျင်းပ မည်ဖြစ်သည်။ သတင်းစာရှင်းလင်းပွဲ သို့ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် ကစားသမားများ တက်ရောက်ကြမည် ဖြစ်ရာ မီဒီယာများအနေဖြင့် ပွဲကြို သတင်းအချက်အလက်များ သိရှိနိုင်ရေး အတွက် လာရောက်သတင်းရယူမေးမြန်း နိုင်ပါကြောင်း မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် (MFF)က ဖိတ်ကြားထား သည်။

အာရှကလပ် အသင်းများပြိုင်ပွဲတွင် ဒုတိယအဆင့်အမြင့်ဆုံး ပြိုင်ပွဲဖြစ်သည့် 2012 AFC Cup ပြိုင်ပွဲသို့ မြန်မာ နေရှင်နယ်လိဂ်ကိုယ်စားပြု ရန်ကုန် ယူနိုက်တက်အသင်းနှင့် ဧရာဝတီ ယူနိုက်တက်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိထားရာ အဆိုပါအသင်းများ အောင် မြင်မှုရရှိရေးအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေး လျက်ရှိသည်။

ယခုနှစ် AFC Cup ပြိုင်ပွဲတွင် ရန်ကုန် ယူနိုက်တက်အသင်းမှာ အုပ်စု(G) တွင် လည်းကောင်း၊ ဧရာဝတီအသင်းမှာ အုပ်စု(H)တွင်လည်းကောင်း ပါဝင်နေပြီး အုပ်စုအဖွင့်ပွဲစဉ်များတွင် တစ်မှတ်စီ ရရှိထားကြသည်။ မတ် ၂၁ ရက်တွင် ဧရာဝတီယူနိုက်တက်နှင့် မလေးရှား ကလပ် Kelantan FC တို့ ယှဉ်ပြိုင်ကြ မည့် AFC Cup ပွဲစဉ်အတွက် ပွဲကြည့် လက်မှတ်များကို အထူးတန်း ၂၀၀၀ ကျပ်၊ ရိုးရိုးတန်း ၁၀၀၀ ကျပ်နှုန်းဖြင့် မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်းနှင့် စလင်း ကွင်းတို့၌ ရောင်းချပေးသွားမည်ဖြစ် သည်။

ဇော်မင်းအောင်(၁၀၇)

## တာဝန်ခံညွှန်ကြားရေးမှူးချုပ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၉**

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၁)၊ အမှတ်(၃)နှင့် အမှတ်(၄)အခြေခံပညာအထက်တန်း ကျောင်း စာစစ်ဌာနများ၌ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၄ ဒသမ ၇ ရာခိုင်နှုန်းမှ ၃၃ ဒသမ ၆ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၇ ဒသမ ၁ ရာခိုင်နှုန်းမှ ၂၇ ဒသမ ၆ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈ ဒသမ ၂ ရာခိုင်နှုန်းမှ ၃၈ ဒသမ ၈ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၇ ဒသမ ၃ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၂ ဒသမ ၇ ရာခိုင်နှုန်း အသီးသီး ရင်းနှီးမြှုပ်နှံရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ကျပ် ၉၂၁၁၁၄၃ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၆၅၈၂၈၀၀ သန်း တင်သွင်းရန်၊

(စ) လူတစ်ဦးစီ၏ ပျမ်းမျှ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Per Capita GDP) မှာ ကျပ် ၇၄၀၈၁၄ ရှိခဲ့ရာမှ ၈၃၉၅၅၁ ကျပ်သို့ ဖြစ်ပေါ်လာစေရန်။

## အခန်း(၃)

## အထွေထွေ

၅။ စီမံကိန်းရည်မှန်းချက်များကို ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) များဖြင့် ဖော်ပြထားရာ ယင်းရည်မှန်းချက်များကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့က အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန် ဖြစ်သည်။ ဌာနအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ချမှတ်ဆောင်ရွက်နိုင်သည်။

၆။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က ချမှတ်ဆောင်ရွက်ခဲ့သော စီမံကိန်းများကိုသော် လည်းကောင်း၊ ယခု အစိုးရသစ်လက်ထက်တွင်တင်ပြသော စီမံကိန်းများကိုသော်လည်းကောင်း လက်ခံစဉ်းစားရမည်။ ထိုစီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ နိုင်ငံနှင့်နိုင်ငံသားများ၏ လက်ငင်း ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေသော နိုင်ငံနှင့် နိုင်ငံသားများအတွက် ထာဝရ ရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ စီမံကိန်းတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှ ခွင့်ပြုဆောင်ရွက်ရမည်။

၁၀။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများ ပါဝင်ရမည်။

၁၁။ အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ၊ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ၊ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု၊ မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ၊ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ရန်သဘောတူခွင့်ပြုချက် ရရှိထားပြီးသောလုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် လက်အောက်ခံအဖွဲ့အစည်းများ၊ စည်ပင်သာယာရေး ကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းအသီးသီးတို့သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ နောက်ဆက်တွဲ (၂)တွင် ဖော်ပြထားသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ ဤဥပဒေသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ရက်မှ စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

### ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
### ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
### (၂၀၁၀-၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် | | | ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | လယ်ယာကဏ္ဍကြီး | ၁၄၉၀၇၃၄၀.၉ | ၃၄.၇ | ၁.၂ | ၁၅၃၅၉၉၁၄.၇ | ၃၃.၆ | ၃.၀ |
| ၂ | စက်မှုကဏ္ဍကြီး | ၁၁၆၁၀၉၂၄.၃ | ၂၇.၁ | ၁၀.၃ | ၁၂၆၅၈၈၈၂.၆ | ၂၇.၆ | ၁၀.၅ |
| ၃ | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၆၄၀၅၅၂၈.၀ | ၃၈.၂ | ၇.၆ | ၁၇၇၆၀၃၈၂.၅ | ၃၈.၈ | ၈.၃ |
| ၄ | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၄၂၉၂၃၇၉၃.၂ | ၁၀၀.၀ | ၆.၀ | ၄၅၇၇၉၁၇၉.၈ | ၁၀၀.၀ | ၆.၇ |

### ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
### ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
### (၂၀၁၀-၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် | | | ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | လယ်ယာကဏ္ဍကြီး | ၁၄၉၀၇၃၄၀.၉ | ၃၄.၇ | ၁.၂ | ၁၅၃၅၉၉၁၄.၇ | ၃၃.၆ | ၃.၀ |
| | ၁ | လယ်ယာ | ၁၁၁၆၆၂၁၀.၅ | ၂၆.၀ | ၀.၁ | ၁၁၃၇၇၄၅၂၆.၉ | ၂၄.၈ | ၁.၉ |
| | ၂ | သားငါး | ၃၅၈၂၇၉၅.၃ | ၈.၃ | ၅.၀ | ၃၈၂၆၄၂၅.၄ | ၈.၄ | ၆.၈ |
| | ၃ | သစ်တော | ၁၅၈၃၃၅.၁ | ၀.၄ | ၀.၀ | ၁၅၈၉၆၂.၄ | ၀.၄ | ၀.၄ |
| ၂ | | စက်မှုကဏ္ဍကြီး | ၁၀၆၁၀၉၂၄.၃ | ၂၇.၁ | ၁၀.၃ | ၁၂၆၅၈၈၈၂.၆ | ၂၇.၆ | ၉.၀ |
| | ၁ | စွမ်းအင် | ၆၅၉၅၉.၀ | ၀.၁ | ၀.၂ | ၆၇၂၇၈.၂ | ၀.၁ | ၂.၀ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၂၅၀၁၅.၇ | ၀.၈ | ၇.၉ | ၃၃၃၂၄၀.၉ | ၀.၇ | ၂.၅ |
| | ၃ | စက်မှုလက်မှု | ၈၇၃၈၁၅၃.၀ | ၂၀.၄ | ၁၀.၅ | ၉၇၁၆၈၂၆.၁ | ၂၁.၂ | ၁၁.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၄၇၅၂၁၂.၀ | ၁.၁ | ၁၃.၅ | ၅၀၄၂၆၈.၇ | ၁.၁ | ၆.၁ |
| | ၅ | ဆောက်လုပ်မှု | ၂၀၀၆၅၈၄.၆ | ၄.၇ | ၉.၁ | ၂၀၃၇၂၆၈.၇ | ၄.၅ | ၁.၅ |
| ၃ | | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၆၄၀၅၅၂၈.၀ | ၃၈.၂ | ၇.၆ | ၁၇၇၆၀၃၈၂.၅ | ၃၈.၈ | ၈.၃ |
| | ၁ | ပို့ဆောင်ရေး | ၅၆၄၈၅၅၅.၉ | ၁၃.၂ | ၇.၇ | ၅၉၀၂၃၅၅.၀ | ၁၂.၉ | ၄.၅ |
| | ၂ | ဆက်သွယ်ရေး | ၃၉၃၁၆၈.၉ | ၀.၉ | ၁၈.၂ | ၉၈၄၃၄၉.၂ | ၂.၁ | ၁၅၀.၄ |
| | ၃ | ငွေရေးကြေးရေး | ၄၉၄၅၁.၁ | ၀.၁ | ၅၇.၄ | ၅၃၄၇၆.၈ | ၀.၁ | ၈.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၆၇၃၂၁.၇ | ၂.၀ | ၀.၁ | ၈၉၅၀၇၁.၅ | ၂.၀ | ၃.၂ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၈၄၄၅၁၆.၄ | ၂.၀ | ၁၄.၈ | ၉၆၈၀၈၀.၇ | ၂.၁ | ၁၄.၆ |
| | ၆ | ကုန်သွယ်မှု | ၈၆၀၂၅၁၄.၀ | ၂၀.၀ | ၇.၀ | ၈၉၅၇၀၄၉.၃ | ၁၉.၆ | ၄.၁ |
| ၄ | | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၄၂၉၂၃၇၉၃.၂ | ၁၀၀.၀ | ၆.၀ | ၄၅၇၇၉၁၇၉.၈ | ၁၀၀.၀ | ၆.၇ |

### ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
### ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
### (၂၀၁၀-၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် | | | ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | ၂၆၅၁၈၂၆၅.၂ | ၆၁.၈ | ၅.၀ | ၂၈၀၁၈၇၉၇.၃ | ၆၁.၂ | ၅.၇ |
| | ၁ | လယ်ယာ | ၁၁၁၆၆၂၁၀.၅ | ၂၆.၀ | ၀.၁ | ၁၁၃၇၇၄၅၂၆.၉ | ၂၄.၈ | ၁.၉ |
| | ၂ | သားငါး | ၃၅၈၂၇၉၅.၃ | ၈.၃ | ၅.၀ | ၃၈၂၆၄၂၅.၄ | ၈.၄ | ၆.၈ |
| | ၃ | သစ်တော | ၁၅၈၃၃၅.၁ | ၀.၄ | ၀.၀ | ၁၅၈၉၆၂.၄ | ၀.၄ | ၀.၄ |
| | ၄ | စွမ်းအင် | ၆၅၉၅၉.၀ | ၀.၁ | ၀.၂ | ၆၇၂၇၈.၂ | ၀.၁ | ၂.၀ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၂၅၀၁၅.၇ | ၀.၈ | ၇.၉ | ၃၃၃၂၄၀.၉ | ၀.၇ | ၂.၅ |
| | ၆ | စက်မှုလက်မှု | ၈၇၃၈၁၅၃.၀ | ၂၀.၄ | ၁၀.၅ | ၉၇၁၆၈၂၆.၁ | ၂၁.၂ | ၁၁.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၄၇၅၂၁၂.၀ | ၁.၁ | ၁၃.၅ | ၅၀၄၂၆၈.၇ | ၁.၁ | ၆.၁ |
| | ၈ | ဆောက်လုပ်မှု | ၂၀၀၆၅၈၄.၆ | ၄.၇ | ၉.၁ | ၂၀၃၇၂၆၈.၇ | ၄.၅ | ၁.၅ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | ၇၈၀၃၀၁၄.၀ | ၁၈.၂ | ၈.၂ | ၈၈၀၃၃၃၃.၂ | ၁၉.၂ | ၁၂.၈ |
| | ၁ | ပို့ဆောင်ရေး | ၅၆၄၈၅၅၅.၉ | ၁၃.၂ | ၇.၇ | ၅၉၀၂၃၅၅.၀ | ၁၂.၉ | ၄.၅ |
| | ၂ | ဆက်သွယ်ရေး | ၃၉၃၁၆၈.၉ | ၀.၉ | ၁၈.၂ | ၉၈၄၃၄၉.၂ | ၂.၁ | ၁၅၀.၄ |
| | ၃ | ငွေရေးကြေးရေး | ၄၉၄၅၁.၁ | ၀.၁ | ၅၇.၄ | ၅၃၄၇၆.၈ | ၀.၁ | ၈.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၆၇၃၂၁.၇ | ၂.၀ | ၀.၁ | ၈၉၅၀၇၁.၅ | ၂.၀ | ၃.၂ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၈၄၄၅၁၆.၄ | ၂.၀ | ၁၄.၈ | ၉၆၈၀၈၀.၇ | ၂.၁ | ၁၄.၆ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | ၈၆၀၂၅၁၄.၀ | ၂၀.၀ | ၇.၀ | ၈၉၅၇၀၄၉.၃ | ၁၉.၆ | ၄.၁ |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | ၄၂၉၂၃၇၉၃.၂ | ၁၀၀.၀ | ၆.၀ | ၄၅၇၇၉၁၇၉.၈ | ၁၀၀.၀ | ၆.၇ |

### တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းအရ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်(၂၀၁၀-၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် | | | ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁၀၈၀၁၂၃.၀ | ၂.၅ | ၄.၉ | ၁၁၄၁၇၂၃.၂ | ၂.၅ | ၅.၇ |
| ၂ | ကယားပြည်နယ် | ၁၅၈၀၅၄.၁ | ၀.၄ | ၄.၁ | ၁၆၅၀၂၂.၉ | ၀.၄ | ၄.၄ |
| ၃ | ကရင်ပြည်နယ် | ၇၄၀၇၄၆.၉ | ၁.၇ | ၇.၉ | ၈၀၀၀၇၂.၃ | ၁.၇ | ၈.၀ |
| ၄ | ချင်းပြည်နယ် | ၁၄၉၃၄၂.၆ | ၀.၃ | ၀.၂ | ၁၆၀၄၅၆.၂ | ၀.၃ | ၇.၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၈၇၄၁၁၆.၂ | ၁၁.၄ | ၆.၉ | ၅၂၇၅၉၃၄.၉ | ၁၁.၅ | ၈.၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၄၈၃၇၆၈.၉ | ၃.၅ | ၁၀.၀ | ၁၅၈၅၆၄၈.၈ | ၃.၅ | ၆.၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃၇၀၁၂၂၂.၉ | ၈.၆ | ၁.၁ | ၃၉၅၄၆၀၇.၇ | ၈.၆ | ၆.၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၄၁၁၀၃၃၈.၇ | ၉.၆ | ၇.၆ | ၄၄၂၄၉၁၆.၁ | ၉.၆ | ၇.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၄၈၄၅၀၀၈.၆ | ၁၁.၃ | ၇.၃ | ၅၁၆၈၈၄၆.၃ | ၁၁.၃ | ၆.၇ |
| ၁၀ | မွန်ပြည်နယ် | ၁၈၀၅၃၁၀.၅ | ၄.၂ | ၇.၆ | ၁၉၅၆၃၀၅.၀ | ၄.၃ | ၈.၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၇၂၃၃၄၀.၅ | ၄.၀ | ၂.၅ | ၁၈၀၂၇၈၄.၅ | ၃.၉ | ၄.၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၉၅၀၇၅၁၉.၇ | ၂၂.၁ | ၇.၈ | ၁၀၂၅၅၅၄၅.၁ | ၂၂.၃ | ၇.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၃၁၃၀၁၆၇.၈ | ၇.၃ | ၄.၇ | ၃၃၂၂၀၈၇.၉ | ၇.၂ | ၆.၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅၁၀၅၄၀၂.၆ | ၁၁.၉ | ၂.၈ | ၅၃၅၈၃၀၀.၆ | ၁၁.၇ | ၅.၀ |
| ၁၅ | နေပြည်တော် ကောင်စီနယ်မြေ | ၅၀၉၁၃၀.၁ | ၁.၂ | ၁၂.၄ | ၅၇၂၉၁၇.၈ | ၁.၂ | ၁၂.၅ |
| | ပြည်ထောင်စုချုပ် | ၄၂၉၂၃၇၉၃.၂ | ၁၀၀.၀ | ၆.၀ | ၄၅၉၄၅၁၆၉.၃ | ၁၀၀.၀ | ၇.၀ |

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻

❖ **ပြည်ထောင်စုရွေးကောက်ပွဲမှ**

၄။ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**အရည်အချင်းများ**

၅။ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) အသက် ၅၀ နှစ် ပြည့်ပြီးသူများ ဖြစ်ရမည်။

(ခ) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

(ဂ) (၁) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူ ရာထူးတာဝန်တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူဖြစ်ရမည် သို့မဟုတ်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည် သို့မဟုတ်၊

(၃) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူဖြစ်ရမည် သို့မဟုတ်၊

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရမည်။

(ဃ) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူဖြစ်ရမည်။

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိသူဖြစ်ရမည်။

(စ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။

(ဆ) နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်။

(ဇ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။

(ဈ) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်း မပြုသူ ဖြစ်ရမည်။

**အခန်း (၃)**

**ကော်မရှင်၏ရာထူးသက်တမ်း၊ ရာထူးမှနုတ်ထွက်ခြင်း၊ စွပ်စွဲပြစ်တင်ခြင်းနှင့် လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း**

**ရာထူးသက်တမ်း**

၆။ ဖွဲ့စည်းထားသော ကော်မရှင်၏ ရာထူးသက်တမ်းသည် **နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။** သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

**ရာထူးမှနုတ်ထွက်ခြင်း**

၇။ (က) ကော်မရှင်ဥက္ကဋ္ဌသည် ရာထူးတာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့် တင်ပြပြီး နုတ်ထွက်နိုင်သည်။

(ခ) ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးသည် ပုဒ်မခွဲ (က) ပါအတိုင်း ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း ကော်မရှင်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့် တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

**စွပ်စွဲပြစ်တင်ခြင်း**

၈။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၀၊ ပုဒ်မခွဲ (က)ပါ အကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်လိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၀၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**လစ်လပ်ရာထူးနေရာဖြည့်စွက်ခန့်ထားခြင်း**

၉။ ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်စေ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ် ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ အသစ်ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ကော်မရှင်၏ ကျန်ရှိသည့်သက်တမ်းအတွက်သာ ဖြစ်စေရမည်။

**အခန်း(၄)**

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

**ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၀။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဂ) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းစေခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဃ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(င) မဲစာရင်းများ ပြုစုခြင်း၊ ပြုစုစေခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြင်ဆင်စေခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ သော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာထုတ်ပေးခြင်း၊

(ဇ) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၆၊ ပုဒ်မခွဲ (ဇ)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်ထားရာ၌ ယင်းသို့ ရွေးချယ်ခန့်ထားသည့်ပုဂ္ဂိုလ်နှင့် ပတ်သက်၍ ကန့်ကွက်ချက်များရှိပါက ယင်းကန့်ကွက်ချက်များကို စစ်ဆေးဆုံးဖြတ်ပေးနိုင်ရေးအတွက် ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ည) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုကြောင်း သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလ မဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က ကော်မရှင်သို့ တင်ပြလာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (ဂ)၊ (ဃ)၊(င) တို့နှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်း၊

(ဋ) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရန်ပုံငွေ ခွဲဝေချထားခြင်း၊ အသုံးစရိတ်များကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဌ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဍ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၁၁။ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်၏ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်-

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာဥပဒေအရ ဆောင်ရွက်သောကိစ္စရပ်များ။

**အခန်း(၅)**

**အထွေထွေ**

၁၂။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို နိုင်ငံတော်၏ဘဏ္ဍာငွေမှ ကျခံရမည်။

၁၃။ ကော်မရှင်သည် ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ရန်အလို့ငှာ လိုအပ်မည့် အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်နိုင်သည်။

၁၄။ ကော်မရှင်သည် ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ခြင်းကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၅။ ယခင်ကတည်ရှိခဲ့သော ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဆက်ခံဆောင်ရွက်ရမည်။

၁၆။ ကော်မရှင်ဥက္ကဋ္ဌသည် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်ပါက ကော်မရှင်အဖွဲ့ဝင်ဦးရေကို တိုးမြှင့်ဖွဲ့စည်းပေးရန် နိုင်ငံတော်သမ္မတထံသို့ အဆိုပြုတင်ပြနိုင်သည်။

၁၇။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်လုပ်ငန်းဆိုင်ရာရုံးကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရုံးအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းထားရှိရမည်။

၁၈။ ကော်မရှင်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ **စည်းမျဉ်း သို့မဟုတ် စည်းကမ်း၊** လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ( နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၁/၂၀၁၀ )အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဤဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၁/၂၀၁၀ )ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သိန်းသန်းကုဋေ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်ဖွင့်

**နေပြည်တော် မတ် ၁၉**

သိန်းသန်းကုဋေ အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေး၏ လွိုင်ကော်-နေပြည်တော်-ရန်ကုန်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် ကယား ပြည်နယ် လွိုင်ကော်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်း၌ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ယာဉ်လိုင်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် ၁၅ သိန်းကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှထံ ပေးအပ်လှူဒါန်းသည်။

သိန်းသန်းကုဋေ အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးသည် လွိုင်ကော်-မန္တလေး ခရီးစဉ်အပြင် လွိုင်ကော်-နေပြည်တော်-ရန်ကုန်ခရီးစဉ်ကို အဆင့်မြင့်အဲယားကွန်း လေအိတ်ကားသစ်များဖြင့် နေ့စဉ်ပုံမှန် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၃-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၅) ပထမကော်လံ ဇယား၌ ခိုင်လုံမဲ နမူနာပုံစံများ ၁။ လေးထောင့်ကွက် တစ်ကွက်တည်းအတွင်း ထင်ရှားစွာဆန္ဒပြုထားသောမဲများ ခေါင်းစဉ်အောက်တွင် ဖော်ပြခဲ့သော ခိုင်လုံမဲ နမူနာပုံစံ (၁-ခ) **(ဝဲပုံ)** အစား ခိုင်လုံမဲ နမူနာပုံစံ (၁-ခ) **(ယာပုံ)**ဟု ပြင်ဆင်ဖတ်ရှုပါရန်။



# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၃-၂၀၁၂ (အင်္ဂါနေ့)

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၁၀ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈း၂၀ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ |
| ၈း၃၀ | (၆၇)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် |
| ၄း၂၅ | တေးသရုပ်ဖော်အစီအစဉ် |
| ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် |
| | (ပထဝီဝင်အထူးပြု)(ပထဝီဝင်) |
| ၄း၅၀ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၀ | "အလျော်အစား" |
| ၅း၁၀ | "အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း" (အပိုင်း-၂၀၁၂) |
| ၆း၄၅ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၁၄)** |
| ၇း၄၀ | "စိတ်အားထက်သန်ဆန္ဒအမှန်" (လူမင်း၊ ဖိုးသောကြာ၊ မိုးဒီ၊ ရှက်တယ်၊ နန္ဒာလှိုင်) (မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ စီစဉ်တင်ဆက်သည်) |
| ၈း၀၀ | ပြည်တွင်းသတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် -"ချိုမြိန်ရသာ မုန့်ကမ္ဘာ" **-အိန္ဒိယရုပ်ရှင် "ပန်းပျိုးသောလက်တစ်စုံ" (အပိုင်း-၂)** |

# တောင်သူလယ်သမားများအား အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးတော့မည်

**နေပြည်တော် မတ် ၁၉**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော စက်မှုဖွံ့ဖြိုးသည့်နိုင်ငံအဖြစ်သို့ ဦးတည်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးသီးနှံများ တိုးတက်ထွက်ရှိရေး၊ ပြည်တွင်းဖူလုံရေး၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တောင်သူလယ်သမားများအား သီးနှံများ စတင်စိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်းပြီးချိန်အထိ လိုအပ်သော သွင်းအားစုများ ဖြည့်တင်းနိုင်ရေးအတွက် ငွေစုငွေချေး အသင်းအဖွဲ့များက လိုအပ်သည့်ငွေများ ထုတ်ချေးပေးနေသည့်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကလည်း တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ထုတ်ချေးရာတွင် နိုင်ငံတော်အစိုးရက အတိုးနှုန်းများ လျှော့ချပေးခဲ့သည့်နည်းတူ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဘဏ်လုပ်ငန်းဖြင့် ပံ့ပိုးကူညီနိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးစရိတ်ချေးငွေ ပမာဏ တိုးတက်ထုတ်ချေးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများအပေါ် အတိုးနှုန်းကို ယခင်က ၁၇ ရာခိုင်နှုန်းဖြင့် ကောက်ခံခဲ့ရာမှ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ အတိုးနှုန်းကို ၁၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အတိုးနှုန်းကို ၁၃ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီး လျှော့ချပေးခဲ့သည်။ တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေ ပမာဏနှုန်းထားကိုလည်း ယခင်ငွေကျပ် ၂၀၀၀၀ နှုန်းမှ တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းသို့ တိုးမြှင့်ထုတ်ချေးပေးခဲ့သည်။

ယခုအခါတွင် ပုဂ္ဂလိကဘဏ်များမှ ချေးငွေအပေါ် ကောက်ခံသည့် အတိုးနှုန်းမှာ ၁၃ ရာခိုင်နှုန်း ဖြစ်သော်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ တစ်နှစ်လျှင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် တောင်သူလယ်သမားများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✱ စာမျက်နှာ ၄ မှ

**နှစ်အလိုက် ဈေးနှုန်းများအရ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်များ။ ။** နှစ်အလိုက်ထုတ်လုပ်သူများ၏ ဈေးနှုန်းများအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် ဖြစ်ပေါ်လာရန် ရည်မှန်းထားသည့် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ**
**တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များ**
**(နှစ်အလိုက် ထုတ်လုပ်သူများ၏ ဈေးနှုန်းများအရဖြစ်ပါသည်)**

| အမှတ်စဉ် | | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ (အမျိုးသားစီမံကိန်း) | ၂၀၁၂-၂၀၁၃(အမျိုးသားစီမံကိန်း) တန်ဖိုး | ၂၀၁၂-၂၀၁၃(အမျိုးသားစီမံကိန်း) တိုးတက်မှုနှုန်း |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| | | | ကျပ်သန်းပေါင်း | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း |
| ၁ | | ကုန်ပစ္စည်းထုတ်လုပ်မှုတန်ဖိုး | ၂၇၅၈၇၀၇၀. ၉ | ၃၂၀၄၇၀၄၀. ၀ | ၁၆. ၂ |
| | ၁ | လယ်ယာ | ၁၁၅၈၉၄၅၁. ၇ | ၁၂၃၀၇၁၃၉. ၄ | ၆. ၂ |
| | ၂ | သားငါး | ၃၆၉၈၂၇၈. ၀ | ၄၀၇၈၉၇၈. ၉ | ၁၀. ၃ |
| | ၃ | သစ်တော | ၁၆၄၀၇၆. ၆ | ၁၆၅၄၀၆. ၂ | ၀. ၈ |
| | ၄ | စွမ်းအင် | ၆၆၉၃၃. ၆ | ၁၈၀၀၃၉၇. ၈ | ၂၅၈၉. ၈ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၄၇၅၂၃၆. ၅ | ၅၄၄၇၀၆. ၉ | ၁၄. ၆ |
| | ၆ | စက်မှုလက်မှု | ၉၀၃၃၈၀၈. ၀ | ၁၀၃၉၈၈၁၃. ၄ | ၁၅. ၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၅၀၇၇၀၈. ၉ | ၆၂၂၂၈၀. ၅ | ၂၂. ၆ |
| | ၈ | ဆောက်လုပ်မှု | ၂၀၅၁၅၇၇. ၆ | ၂၁၂၉၃၁၆. ၉ | ၃. ၈ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၈၀၆၇၁၈၉. ၈ | ၉၁၅၇၉၁၅. ၃ | ၃. ၈ |
| | ၁ | ပို့ဆောင်ရေး | ၅၈၉၀၉၀၃. ၇ | ၆၄၂၂၆၅၅. ၇ | ၉. ၀ |
| | ၂ | ဆက်သွယ်ရေး | ၃၉၃၁၆၈. ၉ | ၇၆၄၇၀၂. ၀ | ၉၄. ၅ |
| | ၃ | ငွေရေးကြေးရေး | ၄၆၈၉၆. ၃ | ၄၈၇၁၂. ၈ | ၃. ၉ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၈၆၇၃၂၁. ၇ | ၈၉၅၀၇၁. ၅ | ၃. ၂ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၈၆၈၈၉၉. ၂ | ၁၀၂၆၇၇၃. ၃ | ၁၈. ၂ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၉၀၇၉၀၂၄. ၂ | ၁၀၀၀၂၆၂၁. ၆ | ၁၀. ၂ |
| ၄ | | တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၄၄၇၃၃၂၈၄. ၉ | ၅၁၂၀၇၅၇၆. ၉ | ၁၄. ၅ |

**ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်။ ။** ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်ကို ပိုင်ဆိုင်မှုအခန်းအလိုက်ခွဲခြား၍ အောက်ပါဇယားတွင် ဖော်ပြပါသည်-

**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ (အမျိုးသားစီမံကိန်း) တန်ဖိုး (ကျပ်သန်း) | ၂၀၁၁-၂၀၁၂ (အမျိုးသားစီမံကိန်း) ပါဝင်မှု (ရာခိုင်နှုန်း) | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) တန်ဖိုး (ကျပ်သန်း) | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) ပါဝင်မှု (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၃၀၃၅၉၅၂. ၀ | ၂၃. ၅ | ၄၂၃၈၄၅၁. ၅ | ၂၇. ၃ |
| ၂ | သမဝါယမပိုင် | ၁၅၀၀. ၇ | ၀. ၀၁ | ၁၅၄၆. ၉ | ၀. ၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၉၈၇၉၁၂၉. ၁ | ၇၆. ၅ | ၁၁၂၆၀၇၁၂. ၁ | ၇၂. ၇ |
| | **စုစုပေါင်း** | **၁၂၉၁၆၅၈၁. ၈** | **၁၀၀. ၀** | **၁၅၅၀၀၇၁၀. ၅** | **၁၀၀. ၀** |

# ယာဉ်ပေါ်ပါ ခရီးသည်များကို အလေးထားလေးစားကြစေလို

ဖိုးအောင်

ဖေဖော်ဝါရီ ၁၉ ရက်နေ့။ စာရေးသူနှင့်အတူ စာရေးသူ၏ သမီးငယ်တို့ နေပြည်တော်မှ ရန်ကုန်သို့ နံနက် ၇ နာရီ Express ကားဖြင့် ပြန်ခဲ့သည်။ ကားပေါ်တွင် အပတ်စဉ်ထုတ်ဂျာနယ်တစ်စောင်ကို ဖတ်ဖြစ်သည်။ ရန်ကုန်မြို့ ဘတ်စ်ကားလိုင်းတချို့တွင် အမျိုးသမီးသီးသန့်ယာဉ်များ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သတင်းဖော်ပြသည်ကို ဖတ်ရသည်။ သမီးကိုပြသရာ သမီးက ဝမ်းသာအားရဖြင့် မှတ်ချက်ပြုပြောလာသည်။ လုပ်သင့်တာကြာပြီဖေဖေတဲ့။

ရန်ကုန်ရောက်တော့ TAXI တစ်စီးငှား၍ လှည်းတန်းသို့ သားအဖနှစ်ဦး ခရီးဆက်ကြသည်။ ကျွန်တော်က (၈)မိုင် လမ်းဆုံတွင်ရှိ သားကြီးတိုက်ခန်းတွင် ဆင်းနေခဲ့ကာ သမီးက လှည်းတန်းရှိ အမျိုးသမီးသီးသန့်ဆောင်ကို ဆက်လက်စီးနင်းသွားရန် စီစဉ်သည်။

TAXI ပေါ်ရောက်ပြီး ထွက်ခွာသည်နှင့် ယာဉ်မောင်းကို သတိပြုမိသည်။ ယာဉ်မောင်းသည် လူငယ်တစ်ဦး ဖြစ်သည်။ အသက်ခန့်မှန်းခြေ (၂၅)နှစ်ဝန်းကျင်ရှိမည်။ ဆံပင်ကို ရွှေရောင်ဆိုးထားသည်။ လမ်းတစ်လျှောက် မောင်းနေရင်း အဆိုပါယာဉ်မောင်းလူငယ်က နောက်ကြည့်မှန်ကို မကြာခဏကြည့်နေကြောင်း သတိပြုမိသည်။ အထူးသဖြင့် ကျွန်တော်၏ သမီးငယ်ဆီသို့ စူးစူးစိုက်စိုက် ကြည့်နေခြင်းပင်ဖြစ်သည်။

သည်လိုနှင့် (၈)မိုင်လမ်းဆုံသို့ရောက်သည်။ သားကြီးတိုက်ခန်းနှင့်နီးသော ပြည်လမ်းမတစ်နေရာတွင် စာရေးသူဆင်းသည်။ သမီးငယ်က လှည်းတန်းရှိ အမျိုးသမီးသီးသန့်ဆောင်သို့ ဆက်လက်လိုက်ပါသွားမည် ဖြစ်သည်။ စာရေးသူဆင်းပြီး ကားဆက်လက်မထွက်ခွာမီ ကားနံပါတ်ကို မှတ်သားလိုက်သည်။ စိတ်ထဲမှာ ဘဝင်မကျ။ သမီးတစ်ဦးတည်း စိတ်မချသလို ဖြစ်ရသည်။

သားကြီးအခန်းသို့ရောက်ပြီး ခေတ္တနားနေခိုက် ဖုန်းဝင်လာသည်။ သမီးထံမှ ဖုန်းဖြစ်သည်။ အဆောင်သို့ ချောချောမောမောရောက်ရှိကြောင်း အသိပေးဖုန်းပဲဟု တွေးဆသည်။ ဖုန်းပြောကာမှ သမီး၏ ခံစားချက်စကားတွေကို ဒေါသသံဖြင့် ကြားလိုက်ရတော့သည်။

ကျွန်တော်(၈)မိုင်တွင် ဆင်းနေခဲ့ပြီး ကားထွက်တော့ ယာဉ်မောင်းလူငယ်က နောက်ကြည့်မှန်မှ စူးစူးရဲရဲကြည့်ကာ စကားစကြောင်း၊ ဆင်းသွားတဲ့ညီမ အဘိုးက သမီးတစ်ယောက်တည်းမို့ စိတ်ချပုံမရကြောင်း၊ ကားနံပါတ်ကို သေချာစွာမှတ်သွားပုံရကြောင်း၊ ဘယ်ကပြန်လာကြတာလဲ၊ လှည်းတန်းမှာနေသလား၊ ဘာအလုပ်လုပ်သလဲ၊ ကျောင်းသူလား၊ ဝန်ထမ်းလား၊ တတွတ်တွတ်နှင့် စပ်စုကြောင်း၊ သမီးကတစ်ခွန်းမျှ ပြန်မဖြေဘဲ ကားနောက်ခန်းမှ ငြိမ်လိုက်ခဲ့ကြောင်း၊ မေးဖန်များလာတော့ ရိုင်းမည်စိုးသဖြင့် နေပြည်တော်မှ ပြန်လာကြောင်းလောက်သာ ပြန်ပြောမိကြောင်း၊ သမီးက ပြောပြီးနောက် ယာဉ်မောင်းလူငယ်က ဘယ်လမ်းမှာနေလဲ၊ ဘယ်နားက အဆောင်လဲ၊ လိပ်စာပြောခဲ့ပါ၊ အကူအညီလိုရင် အချိန်မရွေးပြော၊ ရော့ . . သူ့ဖုန်းနံပါတ်ယူထား၊ ညီမဖုန်းနံပါတ်ပေးခဲ့၊ အိမ်ကငွေမပေးနိုင်သေးလို့ ငွေပို့နောက်ကျရင်လည်း အကူအညီပေးနိုင်ကြောင်း၊ ညီမက သူ့ညီမလေးနဲ့တူပြီး အရမ်းကို ချစ်ဖို့ကောင်းကြောင်း၊ နောက်ကိုလည်း မကြာခဏတွေ့လိုပါကြောင်းဖြင့် ပြောသွားသည်ဟု သမီးက ဒေါသတကြီးဖြင့် ပြန်ပြောပြသည်။ TAXI ပေါ်တွင် ယာဉ်မောင်း၏ပါးစပ်သရမ်းမှုကို စိတ်ဆင်းရဲစွာ သည်းခံနေခဲ့ရကြောင်းနှင့် နောက်နောင် TAXI ငှားပြီး တစ်ယောက်တည်းစီးဖို့ရာ ကြောက်သွားပြီ ဖေဖေဟု ထပ်ပြောသည်။ သမီးကို တစ်ယောက်တည်းဆက်၍ လွှတ်လိုက်မိသည့်အတွက်လည်း နောင်တရလိုက်မိသည်။

ဤမျှဆိုလျှင် စာဖတ်သူတို့ သဘောပေါက်မည်ဖြစ်သည်။ ဘတ်စ်ကားစီး အမျိုးသမီးများ၏ လုံခြုံမှုနှင့် ကာယိန္ဒြေအတွက် ရည်ရွယ်ပြီး အမျိုးသမီး သီးသန့်ဘတ်စ်ကားများ စတင်ပြေးဆွဲလျက်ရှိသဖြင့် အလွန်ဝမ်းသာအားရဖြစ်နေချိန်တွင် စာရေးသူတို့ သားအဖကြုံတွေ့ခဲ့ရသော TAXI မောင်းသမားမျိုး များများ မရှိပါစေနှင့်ဟုသာ ဆုတောင်းမိသည်။ ငါးခုံးမတစ်ကောင်ကြောင့်တော့ တစ်လှေလုံးမပုပ်စေလိုပါ။

စင်စစ်အားဖြင့် မိမိယာဉ်ပေါ်တွင် စီနင်းလိုက်ပါလာသည့် ခရီးသည်များ၏ ကိုယ်စိတ်နှစ်ပါးလုံခြုံရေးနှင့် သွားလိုရာခရီးဆုံးရောက်သည်ထိ ဘေးအန္တရာယ်ကင်းကွာ၊ စိတ်ချမ်းမြေ့စွာ ရောက်ရှိရေးမှာ အငှားယာဉ်မောင်းတို့ ထမ်းဆောင်ရမည့် မူလတာဝန်ပင်ဖြစ်သည်။ မိမိတာဝန်ကိုအလေးထားခြင်း၊ ခရီးသည်အားလုံးအပေါ် စာနာထောက်ထားလေးစားခြင်းဖြင့် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝနိုင်ကြပါစေကြောင်း ဆန္ဒကောင်းပြုလိုက်ပါသည်။ ။



**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းပိုင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)



**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း၌ မတ် ၁၃ ရက်က ခရီးသည်တင် အထူးယာဉ်အမှတ်(၂၃၂)မှာ အရှိန်လွန်၍ လူသွားစင်္ကြံပေါ်ရှိ ဓာတ်တိုင်နှင့် သစ်ပင်အား ဝင်ရောက်တိုက်မိစဉ်။**

*[အခင်းဖြစ်ပွားရာသို့ တာဝန်ရှိသူများ ရောက်ရှိရှင်းလင်းပေးကြပြီး ဖြစ်ပွားချိန်တွင် လူသွားစင်္ကြံပေါ် ခရီးသွားများရှိပါက အန္တရာယ်ရှိနိုင်သဖြင့် သတိပြုဆင်ခြင်မောင်းနှင်ရန်လိုကြောင်း သိရသည်။]* (ဖိုးသကြား)

# ဒုတိယဝန်ကြီး ဦးစိုးတင့် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း စစ်ဆေး

နေပြည်တော် မတ် ၁၉

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၁၃၈/၃)မှ စတင်၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် မြေလွှာပြတ်ရွေ့ခြင်းကြောင့် ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံအထူးအဖွဲ့(၃)နှင့် လမ်းအထူးအဖွဲ့(၇)တို့၏လုပ်ငန်းများ ပွင့်လင်းရာသီအမီ ပြီးစီးရေး၊ မရမ်းချောင်းတံတား ကမ်းကပ်ခုံနှင့် ချဉ်းကပ်လမ်းတို့အား လိုအပ်သည်များ မွမ်းမံပြင်ဆင်ရေးတို့ကိုမှာကြားပြီး ပေါက်ခေါင်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးနှင့် ပြည်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးရုံးတို့၌ ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ငယ်မူပြန်ပြီး သံလမ်းလျှောက်သူ ခြေနှစ်ဖက်ပြတ်ရ

**ကောလင်း မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ပြင်ဦးလွင်ရပ်နေ ဒေါ်တင်မေ (၈၆)နှစ်သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီခန့်တွင် ငယ်မူပြန်ပြီး ကောလင်းမြို့ မြန်မာ့မီးရထား သံလမ်းတစ်လျှောက် လမ်းလျှောက်သွားရာ အထူးအမြန်အမှတ်(၃၃) အဆန်ရထားဖြင့် တိုက်မိပြီး ဘယ်ဘက်ခြေချင်းဝတ် အထက်ပိုင်းပြတ်၊ ညာဘက် ခြေဖဝါးကြေသွား၍ ကောလင်းမြို့နယ်ပြည်သူ့ဆေးရုံ အထူးကုဆေးခန်းအမှတ်(၂)တွင် ဆေးကုသခံယူခဲ့ပြီး အခြေအနေမကောင်းသဖြင့် ခြေထောက်နှစ်ဖက်စလုံး ဖြတ်တောက်ကုသခံနေရကြောင်း သိရသည်။ (၂၁၄)

# ဂျူဗင်တပ်အသင်း၏ ဝါရင့်တိုက်စစ်မှူး ဒယ်ပီယာရိုအား အာဆင်နယ်အသင်း ပစ်မှတ်ထားနေ

ဟိန်းထက်လင်း

**ရောမ မတ် ၁၉**

ဂျူဗင်တပ်အသင်းနှင့် ၁၉ နှစ်ကြာလက်တွဲခဲ့သည့် ဝါရင့်တိုက်စစ်မှူး အလက်ဆဒရို ဒယ်ပီယာရိုအား ခေါ်ယူရန် အာဆင်နယ်အသင်းအပြင် အခြားပရီမီယာလိဂ်ကလပ်အသင်းအများအပြားက ခေါ်ယူရန် စိတ်ဝင်စားနေကြသည်။

ဒယ်ပီယာရိုသည် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်တွင် ဂျူဗင်တပ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး စာချုပ်သစ်အတွက်လည်း ကမ်းလှမ်းခြင်း မခံရသေးပေ။

၎င်းအားခေါ်ယူနိုင်ရန် ကျူပီအာအသင်းနှင့် ဘလက်ဘန်းအသင်းတို့အပြိုင်ကြိုးပမ်းနေကြသော်လည်း ငွေကြေးအမြောက်အမြားသုံးစွဲနိုင်သည့် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းကို ယှဉ်ပြိုင်ရန် လွယ်ကူမည်မဟုတ်ပေ။

ယခင်က လီဗာပူးအသင်းတွင် အတူကစားခဲ့ဖူးသူ ပီအက်စ်ဂျီကွင်းလယ်ကစားသမား မိုဟာမက်ဆစ်ဆိုကိုက ဒယ်ပီယာရိုကို ခေါ်ယူပေးရန် အသင်းပိုင်ရှင်ထံ တောင်းဆိုထားသည်။

ယခုအခါ အာဆင်နယ်အသင်းသည် ပြိုင်ဘက်များကို နောက်ကောက်ချ၍ ဒယ်ပီယာရိုကို ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**အင်တာနက်။**



# မီဒီယာဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင်တင်သွင်းပြီး အဆုံးအဖြတ်ခံယူမည် အနာဂတ်တွင် မြန်မာ့မီဒီယာလောက ပိုမိုလွတ်လပ်ပွင့်လင်းလာမည်ဖြစ်



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) တို့ ပူးပေါင်းကျင်းပသော Conference on Media Development in Myanmar အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ရန်ကုန် မတ် ၁၉

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) တို့ ပူးပေါင်းကျင်းပသော Conference on Media Development in Myanmar အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကား ပြောကြားသည်။**

အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ မီဒီယာများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော Conference on Media Development in Myanmar သည် မြန်မာနိုင်ငံ၏ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အင်မတန်မှ အရေးကြီးသော ဆွေးနွေးပွဲတစ်ခုဖြစ်ပါကြောင်း၊ ဤဆွေးနွေးပွဲဖြစ်မြောက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် လက်တွဲဆောင်ရွက်ခဲ့သည့် ယူနက်စကိုအဖွဲ့နှင့် များပြားလှသော တာဝန်များကြားမှ စာတမ်းများလာရောက်ဖတ်ကြားပေးသည့် စာတမ်းရှင်များ (Resource Persons)ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ယခုကျင်းပသော ဆွေးနွေးပွဲသည် ၂၀၀၈ ခုနှစ်က စတင်ခဲ့သည့် မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ ရလဒ်လည်းဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြီးသည့်အချိန်မှစပြီး ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော နိုင်ငံသားများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရန်အတွက် မီဒီယာပြုပြင်ပြောင်းလဲမှုများကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပထမအဆင့်မှာ တည်ဆဲဥပဒေဖြစ်သော The Registration of Printers and Publishers law (1962) မှ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို အသုံးပြုပြီး စာပေစိစစ်ရေးမှုများကို အဆင့်ဆင့်လျှော့ပေါ့ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာ ပြည်တွင်းစာနယ်ဇင်းများအနေဖြင့် နောင်ပေါ်ပေါက်လာမည့် ပုံနှိပ်မီဒီယာဥပဒေသစ်များနှင့်



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) တို့ ပူးပေါင်းကျင်းပသော Conference on Media Development in Myanmar အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

သဟဇာတဖြစ်ဖြစ် ဆောင်ရွက်နိုင်ရေးအတွက် အလေ့အကျင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ဆိုလျှင် ဂျာနယ် ၁၇၃ စောင်နှင့် မဂ္ဂဇင်း ၁၂၄ စောင်တို့သည် စာပေစိစစ်ကို ကြိုတင်တင်ပြရန်မလိုဘဲ ထုတ်ဝေနိုင်ခွင့်ရှိနေပြီဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် The Registration of Printers and Publishers law (1962) ကို ဖျက်သိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သတင်းလွတ်လပ်ခွင့်ကို ကျင့်သုံးနိုင်မည့် ပုံနှိပ်မီဒီယာဥပဒေတစ်ခုကို အသစ်ပြန်လည်ရေးဆွဲရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၈ ခုနှစ်မှစတင်ပြီး ဒေသတွင်းမီဒီယာအဖွဲ့အစည်းများ၏ အကူအညီဖြင့် နိုင်ငံတကာမီဒီယာဥပဒေများကို လေ့လာခြင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းစာနယ်ဇင်းများက သတင်းလွတ်လပ်ခွင့်၊ စာနယ်ဇင်းကျင့်ဝတ်တို့နှင့်ပတ်သက်သည့် ရေးသားချက်များကို လေ့လာစုဆောင်းခြင်းတို့ကို ပြုလုပ်ခဲ့ပါကြောင်း။

ယခုဆိုလျှင် ပြန်ကြားရေးဝန်ကြီးဌာနမှ ရေးဆွဲသည့် ပထမမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက လေ့လာပြီး အကြံပြုချက်များနှင့် ပြန်လည်ပေးပို့ခဲ့သည့်အတွက် ဒုတိယမူကြမ်းကို ပြန်လည်ရေးသားရန် ဆောင်ရွက်နေပါကြောင်း၊ ဤဥပဒေမူကြမ်းကို နောက်တစ်ကြိမ်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် တင်သွင်းပြီး လွှတ်တော်၏အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ပါကြောင်း။

တတိယအဆင့်မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ပုံနှိပ်မီဒီယာဥပဒေနှင့်အညီ စာနယ်ဇင်းများက လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို ဟန်ချက်ညီညီကျင့်သုံးနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၀ ခုနှစ် မတ် ၃၁ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြောကြားခဲ့သည့် မိန့်ခွန်းတွင် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းရာ၌ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ဟန့်တားပိတ်ပင်သကဲ့သို့ မဖြစ်စေဘဲ၊ ထိုအခွင့်အရေးများကို နည်းမှန်လမ်းမှန်ဖြင့် ပြည်ထောင်စုအကျိုးစီးပွား၊ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားများကို မထိခိုက်စေဘဲ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်အောင် ကူညီထိန်းကျောင်းပေးသည့် ရည်ရွယ်ချက်ဖြင့် ရေးဆွဲရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ထို့ကြောင့် ယခုအသစ် ပြန်လည်ရေးဆွဲနေသော ပုံနှိပ်မီဒီယာဥပဒေသည် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ဟန့်တားရန်၊ တားဆီးရန်ရည်ရွယ်ချက်ဖြင့် ရေးဆွဲနေခြင်းမဟုတ်ပါကြောင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့်များကို လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ရန်နှင့် မြန်မာ့မီဒီယာလောက ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း။

ဤနေရာတွင် တချို့က စာနယ်ဇင်းလွတ်လပ်ခွင့်သည် နိုင်ငံတကာ လူ့အခွင့်အရေးကြေညာစာတမ်းပုဒ်မ ၁၉ Article 19၊ Universal Declaration of Human Rights က ပေးအပ်ထားခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရက ဝင်ရောက်ကြီးကြပ်ရန် မလိုကြောင်းဖြင့် ဝေဖန်မှုများလည်း တွေ့မြင်နေရပါကြောင်း၊ သို့သော် လူ့အခွင့်အရေးကြေညာစာတမ်းပုဒ်မ ၂၉ မှာ ပုဒ်မ ၁၉ ပါ လွတ်လပ်ခွင့်များကို ကျင့်သုံးသည့်အခါ အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်မှုကို လေးစားအသိအမှတ်ပြုရန် (due recognition and respect for the rights and freedoms of others)၊ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းအတွင်း အများပြည်သူများ၏ ကိုယ်ကျင့်တရားနှင့် ငြိမ်ဝပ်ပိပြားမှုအတွက် ထုတ်ပြန်ထားသော ပြဋ္ဌာန်းချက်များကို လိုက်နာရန် (meeting the just requirements of morality, public order and the general welfare in a democratic society) လိုအပ်ကြောင်း ပြဋ္ဌာန်းထားသည်ကိုလည်း သတိပြုရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ မိမိတို့ဆောင်ရွက်နေသော မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် စာနယ်ဇင်းများအနေဖြင့် လွတ်လပ်စွာ သတင်းရယူဖြန့်ချိခြင်း(right to seek, receive and impart information)၊ ပြည်သူများကို မှန်မှန်ကန်ကန် ဓမ္မဓိဋ္ဌာန်ကျကျ သတင်းများကို ရယူအသိပေးနိုင်ခြင်း (accurate, objective,fair and balanced news)တို့ကို စနစ်တကျကျင့်သုံးပြီး မီဒီယာများအနေဖြင့် စစ်မှန်သော စတုတ္ထမဏ္ဍိုင် (Fourth Estate) အဖြစ် ပေါ်ပေါက်လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း။

အနာဂတ်တွင် မြန်မာ့မီဒီယာလောကသည် ပိုမိုလွတ်လပ်ပွင့်လင်းလာတော့မည်ဖြစ်ပါကြောင်း၊ ထိုသို့ ပွင့်လင်းလာမှုနှင့်အတူ ပြည်တွင်းမီဒီယာများအနေဖြင့် စိန်ခေါ်မှုများနှင့် ကြုံတွေ့ရတော့မည်ဖြစ်ပါကြောင်း၊ စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်သုံးရန်၊ ယှဉ်ပြိုင်မှုများပြင်းထန်လာမည့် မီဒီယာလောကတွင် ဆက်လက်ရပ်တည်နိုင်ရန်၊ နည်းပညာတိုးတက်ပြောင်းလဲမှုများနှင့်အညီ လိုက်ပါပြောင်းလဲနိုင်ရန်နှင့် စာနယ်ဇင်းသမားများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်ဆိုသည့်အချက်များသည် အဓိကကျသော စိန်ခေါ်မှုများပင်ဖြစ်ပါကြောင်း။

ထို့အတူပဲ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ပေါ်ပေါက်လာတော့မည့် ပုံနှိပ်မီဒီယာဥပဒေနှင့်အညီ စာနယ်ဇင်းလွတ်လပ်ခွင့်များ၊ လွတ်လပ်စွာသတင်းရယူနိုင်ခွင့်များ ကျင့်သုံးခွင့်ရရှိအောင် ဆောင်ရွက်ပေးရန်၊ ရုပ်သံလွှင့်မီဒီယာဥပဒေတစ်ရပ်ကိုလည်း အခြေခံဥပဒေနှင့်အညီ အသစ်ပြန်လည်ရေးဆွဲရန်၊ ပြည်သူများလိုအပ်နေသော သတင်းအချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်သူ့သဘောထားများကို ထင်ဟပ်တင်ပြနိုင်စွမ်းရှိလာရန်အတွက် နိုင်ငံပိုင်မီဒီယာများကို အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြောင်းလဲတည်ဆောက်ရန်ဆိုသည့် လုပ်ငန်းစဉ်များ ကျန်ရှိပါသေးကြောင်း။

မိမိတို့အနေဖြင့် မိမိတို့ ဆက်လက်ဆောင်ရွက်ရမည့် မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင်လုပ်ဆောင်သွားရန် အခိုင်အမာဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း၊ အလားတူ ပြည်တွင်းမီဒီယာများအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်အောင်လည်း အကူအညီပေးသွားမည်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်မှုသည် အင်မတန်အရေးကြီးပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အခြားနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု၏ ပထမဆုံးရလဒ်လည်း ဖြစ်ပါကြောင်း။

ယခုဆွေးနွေးပွဲမှရရှိလာမည့် ရလဒ်များသည် မိမိတို့၏ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် များစွာအထောက်အကူဖြစ်ပြီး နောက်ထပ် ပူးပေါင်းဆောင်ရွက်မှုများအတွက် အစဖြစ်သည်ဟုလည်း ယုံကြည်ပါကြောင်း။

ယနေ့အစည်းအဝေးသို့ တက်ရောက်လာသူများထဲတွင် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သူများပါသကဲ့သို့ မိမိတို့၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအပေါ် သံသယရှိသူများလည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ မိမိတို့၏ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် ယုံယုံကြည်ကြည်နှင့် အစဉ်တစိုက် အားပေးကူညီလာသူများလည်းပါသကဲ့သို့ ပိုမိုလွတ်လပ်ပွင့်လင်းသော မီဒီယာအခြေအနေများကို မျှော်လင့်နေသည့် ပြည်တွင်းစာနယ်ဇင်းသမားများလည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် သတင်းလွတ်လပ်ခွင့်၊ စာနယ်ဇင်းကျင့်ဝတ်များနှင့်ပတ်သက်ပြီး အယူအဆအမျိုးမျိုးရှိမည်လည်း ဖြစ်ပါကြောင်း၊ သို့သော် အားလုံး မြန်မာနိုင်ငံတွင် စစ်မှန်သော စတုတ္ထမဏ္ဍိုင်တစ်ခုပေါ်ထွန်းရေးကို တွေ့မြင်လိုသည့် စိတ်စေတနာကောင်း ရှိသည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယခုအလုပ်ရုံဆွေးနွေးပွဲအတွင်း တူညီသော Commond Ground အပေါ် အခြေခံပြီး မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အကြံဉာဏ်များ၊ နည်းလမ်းများကို ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗန်ကောက်အခြေစိုက် UNESCO မှ ဒုတိယညွှန်ကြားရေးမှူး Mr. Etienne Clementနှင့် Global Forum for Media Development မှ ညွှန်ကြားရေးမှူး Ms. Bettina Peters တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် Open News Weekly ဂျာနယ်အယ်ဒီတာချုပ် ဦးသီဟစောတို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး Southeast Asian Press Alliance (SEAPA) ဥက္ကဋ္ဌ Mr. Kavi Chongkittavorn က "The role of the Media for democratization in the ASEAN region and in Myanmar" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ The Voice Weekly ဂျာနယ်နှင့် Living Color မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးကျော်မင်းဆွေက "The needs and Challenges of the media in Myanmar's democratic transition" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ World Association of Community Radio Broadcasters (AMARC) ဥက္ကဋ္ဌဟောင်း Mr. Steve Buckley က "The role of media in empowering Communities" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ဒုတိယပိုင်းဆွေးနွေးပွဲတွင် The People's Age Journal စာရေးဆရာနှင့် အကြံပေးအယ်ဒီတာ ဦးစိုးသိမ်း(မောင်ဝံသ)နှင့် Mediterranean Region and Asia, Canal France International ညွှန်ကြားရေးမှူး Mr. Eric Soulier တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး ဗြိတိန်နိုင်ငံ Article 19 မှ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Agnes Callemard က " The role of media, freedom of expression and information legislation in democratization Processes" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဩစတြေးလျနိုင်ငံ ABC International ညွှန်ကြားရေးမှူး Dr. Murray Green က "The role of media regulation and the Values of deversity" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က "New media laws and regulations in Myanmar" ခေါင်းစဉ်ဖြင့်လည်းကောင်း၊အင်ဒိုနီးရှားသမ္မတနိုင်ငံ Tempo International Media in Jakarta မှ အမှုဆောင်အရာရှိချုပ် Mr. Bambang Harymurti က "The Fundamentals of laws, rules and codes of ethics concerning media practices" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

တတိယပိုင်းဆွေးနွေးပွဲတွင် Yangon Media Group ဥက္ကဋ္ဌ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် Global Forum For Media Development မှ ညွှန်ကြားရေးမှူး Ms. Bettina Peters တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြပြီး Media Management and Marketing Specialist Ms. Michelle J.Foster က "Creating a dynamic media environment; the business of news" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Popular News ဂျာနယ်ပုံနှိပ်ထုတ်ဝေသူ ဒေါ်နန်းကလျာဝင်းက "Myanmar media industry, its immediate Challenges and new media business models" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Express Newspaper Group မန်နေဂျင်း ဒါရိုက်တာနှင့် Press Institute ဥက္ကဋ္ဌ Mr. Kumar Nadesan က "unity among different stakeholders for professionalizati on of media -Sri Lanka Experience" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ ကျင်းပ

# ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင့်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြု

နေပြည်တော် မတ် ၁၉

**ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၈၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင့်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က **၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ(နှင့်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို အတည်ပြုရန် အဆိုတင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် **မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့်သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်း**နှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဦးမြင့်ထွန်းက တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးမည့်သူမရှိသည့်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

လွှတ်တော်က သဘောတူညီသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို ညနေ ၃ နာရီတွင် ရပ်နားသည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



အမျိုးသား လွှတ်တော် အစည်းအဝေး (၁၆)ရက် မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

# စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မတ် ၁၉

**နှစ်စဉ်ကြုံတွေ့နေရသော ပွင့်လင်းရာသီနှင့် သင်္ကြန်ကာလအတွင်း စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုကို ထိန်းသိမ်းနိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် စက်သုံးဆီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သင်္ကြန်ကာလ၌ နှစ်စဉ်



စက်သုံးဆီ ဈေးနှုန်းမြင့်တက်လေ့ရှိပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကို တားဆီးနိုင်ရန်အတွက် အစည်းအဝေးခေါ်ယူ ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်ပစက်သုံးဆီဈေးနှုန်းများ သိသာစွာမြင့်တက်ခြင်း မရှိသကဲ့သို့ ပြည်တွင်း၌ ချက်လုပ်ဖြန့်ဖြူးပေးနေသော ဓာတ်ဆီကိုလည်း ပေးပို့ဖြန့်ဖြူးရမည့် ဒေသများသို့ အရောက် ဈေးနှုန်းတည်တည်ငြိမ်ငြိမ်ဖြင့် ဖြန့်ဖြူးပေးရမည့် ပမာဏအတိုင်း ပြည့်ဝစွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ဝန်ကြီးဌာနမှ ဖြန့်ခွဲပေးလျက်ရှိသော ဓာတ်ဆီများကို သက်ဆိုင်ရာဒေသဈေးကွက်အတွင်းသို့ပို့ဆောင်ပြီး ဖြန့်ဖြူးရမည့်ပမာဏအားလုံးကို ရဲရဲတင်းတင်း ဖြန့်ဖြူးရောင်းချရန် လိုအပ်ကြောင်း၊ ပြည်ပမှ မှာယူတင်သွင်းသည့် Ron '92 ဓာတ်ဆီများကိုလည်း လိုအပ်သောနေရာများတွင် ဖြည့်ဆည်းရောင်းချသွားရန် ဝန်ကြီးဌာနက တိုက်တွန်း တွန်းအားပေးလျက်ရှိကြောင်း၊ ဝိသမလောဘ စီးပွားရေးလုပ်ငန်းရှင်အချို့ကလည်း သင်္ကြန်ကာလအတွင်း စက်သုံးဆီဆိုင်များ အရောင်းပိတ်မည်ဟူသော ကောလာဟလသတင်းများလွှင့်ထုတ်ပြီး ဈေးကစားလျက်ရှိကြကြောင်း၊ ပြည်သူလူထု အဆင်ပြေစေရေးအတွက် စက်သုံးဆီဆိုင်များကို သင်္ကြန်ကာလအတွင်း ယခင်နှစ်များနည်းတူ ဖွင့်လှစ်ရောင်းချပေးသွားရန် လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီကို တိုးမြှင့်ဖြန့်ဖြူးလိုပါက ကျိုးကြောင်းညီညွတ်စွာ တင်ပြလျှင် ဝန်ကြီးဌာနက တိုးမြှင့်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း၊ စက်သုံးဆီဈေးနှုန်း တည်ငြိမ်မှုရှိအောင်၊ ဈေးမကစားအောင် တားဆီးဆောင်ရွက်သွားရန် လိုကြောင်း၊ ယခင်က နိုင်ငံတော်ကသာ တာဝန်ယူဆောင်ရွက်ခဲ့သည့် စက်သုံးဆီတင်သွင်းဖြန့်ဖြူးမှုလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းဆောင်ရွက်စေခဲ့ခြင်းသည် မှန်ကန်သောလုပ်ရပ်အဖြစ် လုပ်ငန်းရှင်များက သက်သေပြကြရန်၊ ပြည်သူ့အကျိုးအတွက် ဝိုင်းဝန်းပူးပေါင်းအဖြေရှာ၍ ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် စာနယ်ဇင်းများမှ တာဝန်ရှိသူများသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးအတွက် ၇၈ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေသော ဇမ္ဗူသီရိ အဆင့်မြင့် အားကစားကွင်းနှင့် ဖေယျာသီရိ အဆင့်မြင့်အားကစားကွင်းတို့ကို သွားရောက် လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မိတ္ထီလာတွင် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်မည်

**မိတ္ထီလာ မတ် ၁၉**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဦးစီးမှုဖြင့် မိတ္ထီလာတွင် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို မတ် ၂၂ ရက်မှ ၃၁ ရက်အထိ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“မြို့နယ်အတွင်းမှာရှိသည့် ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်၊ ကျေးရွာပေါင်း ၃၇၉ ရွာမှ အသက်ကိုးလမှ ငါးနှစ်အောက်ကလေးငယ် စုစုပေါင်း ၂၃၁၅၅ ဦးကို ရန်မျိုးအောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ (ယာယီ ဆေးကုသစခန်း)မှာ ဝက်သက်ရောဂါကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်”ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။ (၅၇၉)

# MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၀-၃-၂၀၁၂ (အင်္ဂါနေ့)**

| | |
|---|---|
| ၅း၄၀ | “အောင်ခြင်း(၈)ပါး-အာဠဝက ဘီလူးကိုအောင်ခြင်း” တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ) |
| ၈း၅၅ | Forever Gems by ရွှေနန်းတော် Jewellery Centre ဖွင့်ပွဲ(Part-3) |
| ၉း၃၀ | Cartoon Show Time |
| ၁၀း၂၀ | (၆၅)ကြိမ်မြောက် မွန်အမျိုးသားနေ့ ပျော်ပွဲရွှင်ပွဲအခမ်းအနား |
| ၁၀း၃၅ | Celebrity Style (ဖြိုးငွေစိုး) |
| ၁၀း၅၅ | ရန်ကုန်မြင်ကွင်းကျယ် [Dealers Prize Awarding & Annual Dinner of MCG Co.Ltd(CHIGO)] |
| ၂း၂၀ | (၈၃)ကြိမ်မြောက် အတုလဗုဒ္ဓ မဟာစွယ်တော်မြတ်ဖွင့်ပွဲ |
| ၃း၀၀ | Panasonic Aircon ANNUAL DEALERS TRIP (ချောင်းသာကမ်းခြေ) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်တေးသံရင်ခုန်သံ” (အပိုင်း-၂၇)** |
| ၇း၃၀ | Celebrity Choice |
| ၈း၄၅ | အနုပညာမိုးကောင်းကင် |
| ၉း၂၀ | The Shop Around The Corner (Part-47) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွန်ရာ” (အပိုင်း-၁၀၄)** |
| ၁၀း၂၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်မေတ္တာဖြင့်လှစေသူ” (အပိုင်း-၁၉)** |
| ၁၁း၄၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀ | World of Knowledge |
| ၂း၁၀ | Barclays Premier League (Aston Villa Vs Bolton) |
| ၄း၅၀ | ကြည်နူးမှုန်းမျှော် မြတ်ရှင်မော်. . . |

# ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင်အား အိန္ဒိယသံအမတ်ကြီး တွေ့ဆုံ

**နေပြည်တော် မတ် ၁၉**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Dr.V. S.Seshadri သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သာသနာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

(သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ဂျပန်နိုင်ငံသံအမတ်ကြီးဟောင်း ဦးဆောင်သောအဖွဲ့တွေ့ဆုံ

**နေပြည်တော် မတ် ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးဟောင်း Asian Maternal Child Welfare Association (AMCWA) ဥက္ကဋ္ဌ Mr. Yoichi Yamaguchi ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအား ဂျပန်နိုင်ငံသို့ ပညာတော်သင်စေလွှတ်ရေးကိစ္စ၊ ကျောင်းချိန်ပြင်ပတွင် ဂျပန်ဘာသာစကားသင်ကြားခွင့်ပြုရန်ကိစ္စနှင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးညှိနှိုင်းကြသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





# ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တည်ဆောက်ပေးထားသော ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ

နယ်စပ်ဒေသရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အထွေထွေရောဂါကုဆေးရုံသစ်ကြီးကို သန့်ရှင်းသပ်ရပ်စွာ တွေ့ရစဉ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ရှိ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ခွဲစိတ်လူနာဆောင်ကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့တွင် တည်ဆောက်ဖွင့်လှစ်ထားသော အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးကလည်း ဒေသခံတိုင်းရင်းသူအမျိုးသမီးနှင့် ကလေးငယ်များအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။



သတင်းမှတ်စု - မောင်ငြိမ်းအေး

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ**
**(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။)**
**၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက်)**

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားတိုင်းသည် လွှတ်တော်များသို့ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးကြရာတွင် ကြီးကြပ်ပေးရန်နှင့် နိုင်ငံရေးပါတီများကိုလည်း ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ် ဖွဲ့စည်းနိုင်ရေးနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်နိုင်ရေးတို့အတွက် ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၄၀၃ တို့နှင့်အညီ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **လွှတ်တော်**ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် -
- (၁) ပြည်သူ့လွှတ်တော်၊
- (၂) အမျိုးသားလွှတ်တော်၊
- (၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်။

(ဂ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကို လည်းကောင်း ဆိုသည်။

(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာလွှတ်တော် ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။

(င) **မဲဆန္ဒနယ်** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်ရန် ဥပဒေနှင့်အညီ ကော်မရှင်က သတ်မှတ်သော ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်ကိုဆိုသည်။

(စ) **မဲစာရင်း** ဆိုသည်မှာ မဲဆန္ဒနယ်များအတွက် ပြုစုထားသော ဆန္ဒမဲပေးခွင့်ရှိသူများ၏ စာရင်းကို ဆိုသည်။

(ဆ) **ကော်မရှင်** ဆိုသည်မှာ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေးအတွက် လည်းကောင်း ဤဥပဒေနှင့်အညီ ဖွဲ့စည်းသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဆိုသည်။

(ဇ) **ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-
- (၁) နေပြည်တော် ကော်မရှင်အဖွဲ့ခွဲ၊
- (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊
- (၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ၊
- (၄) ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊
- (၅) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊
- (၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ။

(ဈ) **နိုင်ငံရေးပါတီ** ဆိုသည်မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော နိုင်ငံရေးအဖွဲ့အစည်းကို ဆိုသည်။

(ည) **ရွေးကောက်ပွဲခုံအဖွဲ့** ဆိုသည်မှာ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အငြင်းပွားမှုကို လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ရွေးချယ်ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ကိုလည်းကောင်း ကြားနာစစ်ဆေးရန် ကော်မရှင်က ဤဥပဒေနှင့်အညီ ဖွဲ့စည်းသော အဖွဲ့ကို ဆိုသည်။

### အခန်း(၂)
### ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးခြင်းနှင့် အရည်အချင်းများ

**ဖွဲ့စည်းခြင်းနှင့်ခန့်အပ်တာဝန်ပေးခြင်း**

၃။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် အနည်းဆုံး ငါးဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

# ၂၀၁၂ - ၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ ပြဋ္ဌာန်း

**၂၀၁၂-၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ**
**(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄။)**
**၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ရက်**
**(၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက်)**

### နိဒါန်း

၁။ နိုင်ငံတော်တွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးများနှင့်ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယား၊ ကိန်းဂဏန်းများတိကျမှန်ကန်ရေး၊ ဆင်းရဲချမ်းသာ ကွာဟမှုလျော့နည်းကျဆင်းရေး၊ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေး စသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမူဝါဒများနှင့်အညီ ချမှတ်ထားသော အနှစ် ၃၀ နှစ်ရှည်စီမံကိန်းနှင့် ပဉ္စမကာလတို ၅ နှစ် စီမံကိန်းတို့၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။ ဤဥပဒေသည် ပဉ္စမကာလတို ငါးနှစ်စီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထိ)၏ ဒုတိယနှစ် စီမံကိန်းဥပဒေလည်းဖြစ်သည်။

၃။ ဤဥပဒေပါ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့ မည်မျှတိုးတက်ရမည် ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ ယင်းစီမံကိန်းများ၌ အနှစ် ၃၀ နှစ်ရှည်စီမံကိန်း၊ ၅ နှစ် ကာလတိုစီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါရှိသည်။ ယင်းအမျိုးသားစီမံကိန်းများ၌ ကာလအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့ မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **အခြေခံနှစ်** ဆိုသည်မှာ တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။ (ပဉ္စမကာလတိုငါးနှစ်စီမံကိန်းတွင် အခြေခံနှစ်သည် ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်ဖြစ်သည်။)

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

### အခန်း(၂)
### စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စီမံကိန်း၏အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းအရ ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ-
- (၁) လယ်ယာကဏ္ဍတွင် ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၂) သားငါးကဏ္ဍတွင် ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၃) သစ်တောကဏ္ဍတွင် ဝ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၄) စွမ်းအင်ကဏ္ဍတွင် ၂ ဒသမ ဝ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၉) ပို့ဆောင်ရေးကဏ္ဍတွင် ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁၅၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
- (၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❋